# သင့်အနေနဲ့ ဘယ်လို ကူညီပေးနိုင်မလဲ?

## လုပ်အားပေး

**<u>လုပ်အားပေးဌာန (Volunteer Center)</u>** အနေဖြင့် အိမ်မှာနေ၍ မျက်နှာဖုံးများကို ချုပ်ပေးနိုင်ရန် စီစဉ်နေပါသည်။ ယင်းအစီအစဉ်အကြောင်း နှင့် လုပ်အားပေးကူညီပေးနိုင်မည့် အခွင့်အလမ်းများကို အောက်ပါ ဝဘ်ဆိုဒ်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။
https://www.volunteerfortwayne.org/content/covid-19-response

**<u>Renaissance Pointe ရှိ ဝိုင်အမ်စီအေ (YMCA)</u>** တွင် မိသားစုများအနေဖြင့် အစားအသောက်များ လာယူနိုင်ရန်အတွက် စီစဉ်ပေးလျက်ရှိပါသည်။

- လှူဖွယ်ပစ္စည်းများအား အောက်ပါ နေရာများတွင် နံနက် ၉း၀၀ နာရီ မှ နေ့လယ် ၂း၀၀ နာရီ အကြား အောက်ပါ ဝိုင်အမ်အစီအေဌာနခွဲ ရုံးတံခါးရှေ့သို့ လာရောက် ပေးပို့နိုင်ပါသည်။
  Central Branch YMCA, Jackson R. Lehman Family YMCA, Jorgensen Family YMCA, Parkview Family YMCA, Renaissance Pointe YMCA.
- လိုအပ်နေသော လှူဖွယ် ပစ္စည်းများမှာ -
  - ပေါင်မုန့်ထုတ်
  - မြေပဲယို၊ သစ်ကြားယို နှင့် ဂျယ်လီ
  - ပိုင်းဖြတ် ထုတ်ပိုးထားသည့် အသားများ
  - တစ်ခါစား သရေစာများ (ဉပမာ - ဂိုလ်ဖရှ် မုန့်ခြောက်၊ ပေါက်ပေါက်ဆုပ်၊ အားလူးကြော်၊ ဆန်လုံးစေ့ယို၊ သစ်သီးခွက်၊ ပူတင်း၊ မုန့်ကျွတ်၊ မုန့်ခြောက်။
  - မြေပဲ သို့မဟုတ် သစ်သီးဝလံ ဘား
  - တစ်ခါသုံး ကော် ဇွန်း၊ ခရင်း၊ ဓါး

အသေးစိတ်အချက်အလက်အများအား အောက်ပါ ဝဘ်ဆိုဒ်တွင် လေ့လာကြည့်ရှုနိုင်ပါသည်။
https://www.fwymca.org/serving-you-and-community

**<u>ဖို့ဒ်ဘာခ် ခေါ် အစားအသောက် ပေးလှူရာဌာန (Community Harvest Food Bank</u>**) အနေဖြင့် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းရှိ လိုအပ်နေသူများအား အစားအသောက်များ ဝေငှပေးရန်အတွက် ကျန်းမာသန်စွမ်းသည့် လုပ်အားပေးများ လာရောက် ကူညီပေးပါရန် ဖိတ်ခေါ်နေပါသည်။ ဤဌာနအနေဖြင့် အကူအညီပေးရာတွင် တစ်ဦးနှင့် တစ်ဦး ထိတွေ့မှုနည်းပါရန်နှင့် လုံခြုံဘေးကင်းစေရန် အစီအစဉ်များ ချမှတ်ထားပါသည်။ လုပ်အားပေးလိုပါက လုပ်အားပေးတာဝန်ခံ Roy Nevil ကို ဖုန်းနံပါတ် 260-447-3696 မှတဆင့် ဆက်သွယ်ပါ။
https://www.communityharvest.org/covid-19-how-to-help/

**<u>အမေရိကန် ကြက်ခြေနီအသင်း</u>** မှာ သွေးအလှူရှင်များအား အရင်ကထက် ပိုမိုလိုအပ်နေပါသည်။ သင်နှင့်အနီးဆုံး သွေးအလှူပေးနိုင်မည့် နေရာကို အောက်ပါ ဝဘ်ဆိုဒ်မှတဆင့် ရှာဖွေနိုင်ပါသည်။
https://www.redcrossblood.org/give.html/find-drive

## အလှူငွေများထည့်ဝင်ရန်

ပရဟိတအဖွဲ့အစည်းများအနေဖြင့် လူများလိုအပ်နေသည့် ငွေကြေးထောက်ပံ့မှုနှင့် ကျန်းမာရေးကိစ္စရပ်များတွက် ပိုမိုကူညီပေးနိုင်ရန် သင်နှစ်သက်သည့် ပရဟိတအဖွဲ့အား ရွေးချယ်၍ အွန်လိုင်းမှတဆင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**<u>အလန်ကောင်တီရှိ ယူနိုက်တစ်ဝေး (United Way of Allen County)</u>** အဖွဲ့အစည်းအနေဖြင့် 'အရေးပေါ်ကယ်ဆယ်ရေး ရန်ပုံငွေ' အစီအစဉ် တစ်ခု လုပ်ထားပါသည်။ ယင်းရန်ပုံငွေအား ကိုဗစ်-၁၉ ရောဂါကြောင့် ကြုံတွေ့ရင်ဆိုင်နေရသည့် အရေးအကြီးဆုံးသော ကိစ္စရပ်များအတွက် ရာနှုန်းပြည့် အသုံးပြုမည်ဖြစ်သည်။
ယင်းအကြောင်းကိစ္စကို အောက်ပါ ဝဘ်ဆိုဒ်တွင် လေ့လာနိုင်ပါသည်။
https://www.unitedwayallencounty.org/covid-19/

## အိမ်မှာနေ၍ ကူညီထောက်ပံ့ပေးရန်

**<u>မိတ်ဆွေများ၊ မိသားစုဝင်များ၊ အိမ်နီးနားချင်းများ အား သတိတရမေးမြန်းကြည့်ပါ။</u>** ဈေးသုံးသွားဖို့ရာအတွက် အကူအညီ လိုအပ်တဲ့ အိမ်နီးချင်း သက်ကြီးရွယ်အို ရှိသလား? ဒီလိုအချိန်မျိုးမှာ စိတ်သောကများနေမယ့် သင့်အမေ တစ်ယောက် ဘယ်လို နေသလဲ? သင်ချစ်ခင်ရသူတွေကို ဖုန်းနဲ့ဖြစ်စေ၊ အီးမေးလ်နဲ့ဖြစ်စေ တတ်နိုင်သလောက် အဆက်အသွယ် များများ လုပ်ပါ။

**<u>စားသောက်ဆိုင်များမှ အစားအသောက် မှာယူပါ။</u>** အလုပ်သမားဝန်ထမ်းတွေကို ဆက်လက် အလုပ်ခန့်အပ်ထားနိုင်အောင် စားသောက်ဆိုင်အများစုဟာ ပါဆယ်ထုတ်တဲ့ စနစ်နဲ့ ဆိုင်တွေဖွင့်ထားပါတယ်။
လက်ရှိ ဖွင့်နေသေးတဲ့ စားသောက်ဆိုင်တွေကို အောက်ပါ ဝဘ်ဆိုဒ်မှာ ကြည့်ရှုနိုင်ပါတယ်။
https://docs.google.com/spreadsheets/d/16MUeFw64QO6ClnWG2k_rm_mZ-JyRoH9eLq2m0zaUZyY/edit?fbclid=IwAR3RMe0mwfCrlhJlIvfxpIHrYJBEjyvsIqdjwX5rZ_dYxhQ6gTh2QzYKyNw#gid=891834841

အောက်ပါ ဝဘ်ဆိုဒ်ကတဆင့် 2GOFW အမည်နဲ့ ဖွင့်ထားတဲ့ ဖေ့စ်ဘွတ်ဂရုထဲဝင်ကြည့်ပါ။
https://www.facebook.com/groups/200887244539915/

**<u>လက်ပြနှုတ်ဆက်ပါ။</u>** ညစဉ် ၇း၀၀ နာရီ တိုင်း အိမ်နီးနားချင်းတွေ အိမ်ပြင်ထွက်ပြီး လက်ပြနှုတ်ဆက်တဲ့ လှုပ်ရှားမှုကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်နေကြသလို ဖို့တ်ဝိန်းကလည်း ညစဉ် အိမ်နီးနားချင်းတွေကို လက်ပြနှုတ်ဆက် တဲ့ လှုပ်ရှားမှုမှာ ပါဝင်နေပါတယ်။ အိမ်ပြင်ထွက်တဲ့အခါ အိမ်နီးနားချင်းတွေ့တယ်ဆိုရင် လက်ပြနှုတ်ဆက် ပြီး အကူအညီတစ်ခုခု လိုအပ်သလား မေးမြန်းပါ။ ဓါတ်ပုံရိုက်ပြီး ပို့စ်တင်တဲ့အခါ #FortWayneTogether ကို tag စွဲပါ။